# Mai Lal Rin Kim @ Chili Tiger (Tiger Girls Band)

B.A (Thang), Salai စီစဉ်တင်ဆက်သည်



“ချင်းလူမျိုးများ၏ကမ္ဘာ” မည်သော Chin World (www.chinworld.info) အနေဖြင့် ချင်းပြည်မှ သားကောင်း/သမီး ရတနာများကို ချင်းပြည်သူ/သားများနှင့် မြန်မာပြည်သားများထံသို့ ဖော်ထုတ်ပြသပေးရန် တာဝန်ဝတ္တရားရှိသည်။ ထိုအစီအစဉ်အောက်တွင် ယခုတပတ်၌ ဖော်ထုတ်လိုသူမှာ– *Mai Lal Rin Kim @ Maa Kim* ပင်ဖြစ်သည်။ သူမသည် ကမ္ဘာကျော် Spice Girls တေးဂီတအဖွဲ့ကဲ့သို့ မြန်မာနိုင်ငံတွင် ပထမဆုံး အနောက်တိုင်းဆန် အမျိုးသမီးတေးဂီတအဖွဲ့ဖြစ်သော Tiger Girls အဖွဲ့တွင် Chili Tiger ဟူသောအမည်ဖြင့် ပါဝင်နေသူ ဖြစ်သည်။ ထိုအဖွဲ့သည် အချိန်တိုအတောအတွင်း၌ပင်လျှင် ကမ္ဘာ့စာနယ်ဇင်းများ၏ စိတ်ဝင်စားမှုကို ခံရပြီး၊ ကမ္ဘာကျော် Spice Girls အဖွဲ့ကြီး နှင့်လည်း ခိုင်းနှိုင်းဖော်ပြကြသည်။ အင်္ဂလိပ်ဘာသာနှင့် ဗမာဘာသာ– ဘာသာစကား (၂) မျိုးဖြင့် တေးသီချင်းများကို မြန်မာနိုင်ငံအတွင်း၌သာလျှင်မကပဲ– နိုင်ငံတကာအထိ ထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်မှန်းချက်ထားကာ အထူးကြိုးပမ်း နေကြသူများဖြစ်သည်။ မကွေးမြို့ဖျော်ဖြေပွဲမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်လျှင်ရောက်ခြင်း Chin World Media စာဖတ်ပရိတ်သတ်များအတွက် တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။

CW ။ ။ Maa Kim ရဲ့ မိဘများရဲ့အမည်နဲ့ မွေးရပ်ဇာတိကို သိပါရစေ။
Chili T။ ။ ကျမ မိဘများကတော့ Pu Sang Hlei Ling + Pi Lian Hlei Sung တို့ဖြစ်ပါတယ်။ ကျမ မွေးရပ် ဇာတိကတော့ ကလေးမြို့နယ်၊ Siadaw ရွာဖြစ်ပါတယ်။

CW ။ ။ ပညာရေးအနေနဲ့ကော ဘာဘာသာရပ်နဲ့ ဘွဲ့ရရှိတာရှိပါသလဲ။
Chili T။ ။ Bsc (Math) နဲ့ ရန်ကုန်မှာ ပြီးပါတယ်။




CW ။ ။ ငယ်ရွယ်စဉ်က ဖြစ်ချင်တဲ့အိပ်မက်များကဘာများပါလဲ။ အဆိုတော် တယောက်အနေနဲ့ကော ရည်ရွယ်ခဲ့ဖူးပါသလား။
Chili T။ ။ ငယ်ငယ်ကတည်းက သီချင်းဆိုတာ တအားဝါသနာပါပါတယ်။ ဒါပေမယ့် Professional singer တယောက် ဖြစ်ရမယ်ဆိုပြီး မမှန်းရဲပေမယ့် တကယ်ဖြစ်ချင်ခဲ့ပါတယ်။

CW။ ။ ချင်းတေးစီးရီး ဘယ်နှစ်ခု ထုတ်ဖြစ်ပြီးပြီလဲ။ အဲဒါတွေနဲ့ပတ်သက်ပြီး ပြောပြပါဦး။
Chili T။ ။ ချင်းဘာသာနဲ့ တေးစီးရီး (၂) ခုထုတ်ပြီးပါပြီ။ တခုကတော့ ဖလမ်းဘာသာ စကားနဲ့ဖြစ်ပြီး Love Song ခွေပေါ့နော်။ တေးစီးရီးအမည်က "RIN UM TE'N " ဖြစ်တယ်။ Sponsor ပေးတာက Tikhing Awnmawi (Canada) ဖြစ်ပြီး သီဆိုသူက (၃) ယောက်ပေါ့

www.chinworld.info

လေ။ THLAPI, SUSAN နဲ့ ကျမ MAA KIM ဖြစ်တယ်။ ၂၀၀၉ ခုနှစ်မှာ CD အနေနဲ့ ထုတ်ခဲ့တာဖြစ်တယ်။

နောက်တခုကတော့– မိဇိုဘာသာနဲ့ Gospel Song သီချင်းခွေဖြစ်တယ်။ တေးစီးရီအမည်က "I THU NISE " ဖြစ်ပါတယ်။ သီဆိုသူက (၃) ယောက် *(Estheri, Edentharnghaki & Maa Kim)* ဖြစ်တယ်။ ၂၀၁၀ ထဲမှာ CD အနေနဲ့ ထုတ်ဝေခဲ့တာဖြစ်ပါတယ်။

ဒီတေးစီးရီး (၂) ခုဟာ ကျမတို့အနေနဲ့ တတ်နိုင်သရွေ့ အကောင်းဆုံးကြိုးစားထားတာဖြစ်ပြီး၊ ပြည်တွင်း၊ ပြည်ပက ချင်းလူမျိုးများဆီကို ဖြန့်ချိပြီးဖြစ်ပါတယ်။ အားပေးကြပါလို့လည်း ပြောပါရစေ။ ဝယ်ယူ အားပေးပြီး သူများအပေါ်မှာလည်း ကျေးဇူးအများကြီးတင်ပါတယ်။

CW။ ။ Tiger Girls Band အဖွဲ့ မွေးဖွားဖြစ်ပေါ်လာတဲ့အကြောင်းကို သိပါရစေ။

Chili T။ ။ Tiger Girls Band အဖွဲ့ကို ၂၀၁၀ ဖေဖော်ဝါရီလမှာ စတင်ဖွဲ့စည်းခဲ့တာပါ။ ကျမတို့ Tiger Girls Band ရဲ့ Trainer & Manager- Nicole May (Australia) သူမဟာဆိုရင် Musician တဦးဖြစ်ပြီး ဗမာပြည်မှာ သီချင်း ဆိုတာတခုတည်းမဟုတ်ပဲ၊ အကပါ ပါပြီး နိုင်ငံတကာလိုမျိုး Girls Band မရှိသေးတဲ့အတွက် Tiger Girls Band အဖွဲ့ကို တည်ထောင်တာဖြစ်တယ်။ ဗမာပြည်တင်မကပဲ နိုင်ငံတကာအထိ ထိုးဖောက်နိုင်အောင် ရည်ရွယ်ချက်ရှိပါတယ်။ လုပ်ဆောင်မှုများ အနေနဲ့က– မိဘမဲ့ကလေးတွေကို ကူညီပေးနိုင်ဖို့ရန်အတွက် ရည်ရွယ်ပါတယ်။




ပထမအနေနဲ့ မိဘမဲ့ခလေးတွေအတွက် လုပ်ကိုင်ပေးခဲ့မှုကို ပြောရမယ် ဆိုရင်– မြောက်ဒဂုံမှာရှိတဲ့ မိဘမဲ့ခလေးတွေအတွက်– ရန်ပုံငွေ Charity လုပ်ကြပြီး၊ ခလေးတွေ နဲ့လည်း အတူတကွ မိတ်သဟာယ လုပ်ကြတယ်။ ကျမတို့ရဲ့ Music Instrument တွေကိုလည်း လက်ဆောင်အနေနဲ့ သူတို့ကိုပေးတယ်။

CW။ ။ Tiger Girls Band ကို ငွေကြေးအားဖြင့် ထောက်ပံ့ကူညီတဲ့ အဖွဲ့အစည်းရှိလား။

Chili T။ ။ Tiger Girls Band ကို Sponsor ပေးတာက Yangon Directory & Mandalay Directory ဖြစ်ပါတယ်။



Manager &Trainer- Nicole May

CW။ ။ Maa Kim ရဲ့ Tiger Girls အဖွဲ့ဝင်တဦးဖြစ်ဖို့ရန်အတွက် လျှောက်လှမ်းခဲ့တဲ့ လမ်းခရီးကို သိပါရစေ။

Chili T။ ။ Tiger Girls မှာပါဝင်နိုင်တာကတော့ ကျမမိဘများရဲ့ဆုတောင်းပေးမှုနဲ့ ဘုရားသခင်ရဲ့ မေတ္တာတော်ကြောင့်သာလျှင်ဖြစ်တယ်လို့ ကျမယုံကြည်တယ်။

ကျမရဲ့ သီချင်းဆိုခဲ့မှုနဲ့အက အပိုင်းကို အရင်ပြောရမယ်ဆိုရင်– သီချင်းကတော့ ဟိုငယ်ငယ်လေး Sunday School ကတည်းက ဆိုတာပေါ့နော်။ (၁၀) တန်းပြီးတော့ မင်္ဂလာဆောင်တွေ၊ စတိတ်ရှိုးအမျိုးမျိုးမှာ ဆိုလေ့ရှိတယ်။ အကပိုင်း ကတော့ ၂၀၀၅ ခုနှစ်ကစပြီး Kristian Lal Muan Puia ဆီမှာ သင်ပါတယ်။ နောက်တော့ DVK ဆိုပြီး ကျမတို့ အဖွဲ့ ထောင်တယ်။ ဒီအဖွဲ့နဲ့ ပွဲတွေအများကြီး ချင်းအမျိုးသားနေ့ပွဲတွေအပါအဝင်၊ သင်္ကြန်ပွဲတွေမှာ ပါဝင်ကပြသီဆိုလေ့ ရှိခဲ့တယ်။

နောက်တော့ Tiger Girls Band အဖွဲ့အတွက် ၂၀၁၀ ဇန်နဝါရီလမှာ ယှဉ်ပြိုင်ပွဲ Competition လုပ်ပါတယ်။ လူပေါင်း ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်တယ်။ အဲဒီထဲကနေ (၂၀) ကို အရင်ရွေးတယ်။ အဲဒီကနေမှ နောက်ဆုံးမှာ Top (5) ဆိုပြီး ထပ်ရွေးပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်သာလျှင် ကျမပါဝင်နိုင်တာဖြစ်ပါတယ်။

ဒီပြိုင်ပွဲမှာက– သီချင်းပဲဖြစ်ဖြစ်၊ အကပဲဖြစ်ဖြစ် ကြိုတင်မသိပါဘူး။ ယှဉ်ပြိုင်တဲ့နေရာကိုရောက်မှ သင်ကြားပေးပြီး တဦးချင်း တန်းပြိုင်ရတာဖြစ်တယ်။ အခုနက ကျမပြောခဲ့သလိုပဲ– အရင်ကရှိခဲ့တဲ့ အတွေ့အကြုံနဲ့ မှန်(ကြေးမုံ) ရှေ့မှာ လေ့ကျင့်ခဲ့လေ့ရှိတာနဲ့ တတ်စွမ်းသလောက် ကြိုးစားခဲ့တယ်။ ဘုရားသခင်ဆီမှာ ဆပ်ကပ်ပြီးတော့ ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။

CW။ ။ Tiger Girls အဖွဲ့မှာ ပါဝင်နိုင်ခြင်းအပေါ်မှာ ဖြစ်ပေါ်လာတဲ့ ခံစား ချက်ကိုလည်း ဝေမျှပေးပါဦး။

Chili T။ ။ အခုလိုမျိုးယှဉ်ပြိုင်မှုအဆင့်တခုစီတိုင်းမှာ– အောင်မြင်မှုကို ဆွတ်ခူး နိုင်တဲ့အတွက် ကျမရဲ့ ဆုတောင်းမှုအပေါ် ဘုရားသခင်ရဲ့ အဖြေပေးမှုအပေါ်မှာ အထူးကျေးဇူးတင်တယ်ဆိုတာထက်တော့ ပိုပြောစရာတော့ မရှိပါဘူး။ နောက်အပြင်– ကျမ ချင်းလူမျိုးဖြစ်ရတာကို ဝမ်းသာဂုဏ်ယူတယ်။ ဘာဖြစ်လို့လည်းဆိုတော့– ကျမတို့ ချင်းလူမျိုးထဲကနေ ကျမပါဝင်နိုင်တဲ့အတွက်လည်း အင်မတန်မှ ဝမ်းသာအားရဖြစ်မိတယ်။ ကျမကိုယ်ကျမ proud တာမျိုး မဟုတ်ဘဲ၊ ဘုရားသခင်က ကျမကို အသုံးပြုပြီး ချင်းလူမျိုးရဲ့ နာမည်ကို မြှင့်တင်ချင်တာများလားဆိုပြီး ကျမစဉ်းစားပြီး ကျမ ကိုယ်တိုင်လည်း အရင်ထက်ပိုပြီး ကြိုးစားချင်စိတ်လည်း အသစ်တဖန်ပိုရှိလာတယ်လို့ ခံစားပါတယ်။



CW။ ။ အဖွဲ့အနေနဲ့ ရှေ့ဆက်မယ့် လမ်းခရီးအစီအစဉ်များကိုလည်း ပြောပြပေးပါဦး။

Chili T။။ အခု ကျမတို့ CD ထုတ်ပြီးသွားပါပြီ။ ဒီ Album ကို Sound Impect Production က ထုတ်လုပ်ပြီး– Excellent Creation ကဖြန့်ချီပေးတာဖြစ်တယ်။ ဒီစီးရီးထဲက သီချင်းရေးသားပေးသူကတော့ တယောက်တည်းပါပဲ။ နာမည်ကတော့ L R Chan ဖြစ်ပြီး– ကျမတို့ ချင်းလူမျိုး ဖြစ်ပါတယ်။ ရှိုးပွဲတွေကတော့ အများကြီးရှိပါပြီ။ အခုလည်း နယ်ပွဲတခုကနေ ပြန်ရောက်လာ တာပါ။ VCD အတွက်ကတော့ စက်တင်ဘာလမှာ စတင်ရိုက်ပါမယ်။ အသစ်ဖြစ်ပေမယ့် ပရိတ် သတ်ဆီကနေ အားပေးမှုကတော့ တကယ်ရပါတယ်။ ပြီးရင်တော့ အယ်လ်ဘမ်အသစ် ကျမတို့ လုပ်ပါမယ်။ တပတ်မှာ (၄) ရက်ကို Nikki က ဦးဆောင်ပေးမှုနဲ့ သင်တန်းအမြဲတမ်းရှိပါတယ်။ ကျမတို့ရဲ့ peformence ကိုလည်း တခြားသူများနဲ့ မတူအောင် idea တွေ ဝိုင်းထုတ်ကြပြီး၊ စုပေါင်းဝိုင်းစဉ်းစားကြ ပါတယ်။ နောက်ပြီး Album အသစ်အတွက်လည်း သီချင်းတွေကို စုဆောင်းနေကြတယ်။ ဒီ Album အသစ်မှာပါတဲ့ သီချင်းအားလုံးဟာ ကိုယ်ပိုင်သံစဉ်တွေပဲဖြစ်ပါတယ်။

CW။ ။ အဖွဲ့မှာ ပါတဲ့ တခြားသူငယ်ချင်းတွေကိုလည်း မိတ်ဆက်ပေးပါဦး။

Chili T။ ။ ကျမတို့အားလုံးမှာ– Tiger နာမည်အားလုံးပါ ကြပြီး– Baby Tiger,Chilli Tiger,Electro Tiger , Missy Tiger နဲ့ Tricky Tiger ဖြစ်ကြတယ်။ ကျမတို့တယောက်ချင်းရဲ့ Character က တဦးနဲ့ တဦး မတူတဲ့အတွက် အဲဒါနဲ့ကိုက်အောင် Tiger နာမည်တွေကို ပေးထားပါတယ်။




ပထမဆုံးအနေနဲ့– မိတ်ဆက်ပေးရရင်– Baby tiger၊ Amon လို့လည်း ကျမတို့ ခေါ်တယ်။ သူက ကချင်လူမျိုး၊ ခရစ်ယာန်ဘာသာဝင်ဖြစ်တယ်။ သူက Tiger Girls အဖွဲ့ထဲမှာ မပါခင်တုန်းက Model ဖြစ်ပြီး အက အဖွဲ့ရှိတယ်။ နောက်ပြီး Myanmar Super Star Singing Contest တွေမှာပါတယ်။ သူကတော့ ကျမတို့ထဲမှာတော့ အသက်အငယ်ဆုံးဖြစ်တယ်။ သူ့ရဲ့ style က punk school girls Alter/ Rock ဖြစ်တဲ့အတွက် Baby tiger လို့ အမည်မှည့်တာ ဖြစ်ပါတယ်။

နောက်ပြီး– ကျမကတော့ ချင်းလူဖြစ်ဖြစ်တဲ့အပြင်– ရိုးရာနဲ့၊ တောတောင်ဓလေ့ပုံစံနဲ့ ကျမတို့အဖွဲ့ထဲမှာ– Performance ရမှာဖြစ်တယ်။

နောက်ပြီး– Missy က ကျမတို့အထဲမှာတော့ မိန်းခလေးဆန်ဆန်နဲ့ အကမှာ လှုလှုပပနဲ့ Performance ရမှာဖြစ်တယ်။ သူကလည်း Myanmar Super Star Singing Contest မှာပါတယ်။ နောက်ပြီး– Tiger

www.chinworld.info




Girls မဝင်ခင်မှာ Model ဖြစ်ပြီး– မင်းသမီးလည်းဖြစ်ပြီး၊ Presenter အနေနဲ့လည်း လုပ်လေ့ရှိသူဖြစ် တယ်။
နောက်ပြီး Electro(HtikeHtike)ပါ။ သူကလည်းပဲ Myanmar Super Star Singing Contest အဲဒီမှာပါခဲ့ပြီး၊ Melody world မှာလည်း သီဆိုဖူး သူဖြစ်တယ်။ သူ့ရဲ့ Character ကလည်း မိန်းခလေးပုံစံပဲဖြစ်ပေမယ့် မိန်းခလေးတော့မဟုတ်ဘူး။ ဥပမာ– Lady GaGa ပုံစံနဲ့ ခပ်ဆင်ဆင်ပေါ့လေ။ Robot လိုမျိုး performance လုပ်ရမှာ ဖြစ်တယ်။
နောက်ဆုံးအနေနဲ့ မိတ်ဆက်ပေးရမှာက– Tricky ၊ ဝေနှင်းပါ။ Tiger Girls မဝင်ခင်မှာ အကအဖွဲ့ရှိပြီး၊ ရှိုးပွဲအမျိုးမျိုးမှာ ကပြဖျော်ဖြေခဲ့သူတဦးဖြစ်တယ်။ သူ့ရဲ့ Character ကတော့ Hiphop ဖြစ်ပြီး သီချင်းဆိုတဲ့အခါမှာလည်း rap, hip hop ဖက်ကို အဓိကဆိုပါတယ်။ တဦးနဲ့တဦး မတူတဲ့အခါကြတော့ အားပေးတဲ့ ပရိတ်သတ်လည်း ကွဲပါတယ်။ စုံလည်းစုံသွားတဲ့သဘောလည်း ရှိတယ်။

CW။ ။ Tiger Girls Band အဖွဲ့အတွင်းက အခြေအနေလေးတွေကိုလည်း ရှင်းပြပါဦး။

Chili T။ ။ တဦးနဲ့တဦး အရင်ကတည်းက သိကျွမ်းရင်းနှီးဖူးတဲ့ သူငယ်ချင်းတွေမဟုတ်ကြပေမယ့်– တဦးနဲ့တဦး နားလည်မှုရှိကြပြီး– တယောက်ယောက်က တခုခုလုပ်မယ်ဆိုရင် ဝိုင်းဝန်းတိုင်ပင်ကြပြီး အတူတကွ လုပ်ဆောင်လေ့ရှိ ကြပါတယ်။ ခေါင်းဆောင်မရှိပါဘူး။ အားလုံးက အတူတူပဲဖြစ်ပါတယ်။ Original Album အခွေအတွက်လည်း idea အမျိုးမျိုး ဝိုင်းထုတ်ကြပြီး– နိုင်ငံတကာ အဆင့်မှီအောင် ကြိုးစားနေ ကြပါတယ်။



CW။ ။ နိုင်ငံတကာ သတင်းစာမျက်နှာမှာလည်း အဖွဲ့အကြောင်း ဖော်ပြခံရတယ်လို့ကြားရတယ်။ ဘယ် သတင်းဌာနတွေမှာများလဲ။
Chili T။။ ဩစတေးလျနိုင်ငံက သတင်းစာ နှစ်ခုနဲ့ Aljazeera မှာတော့ အဖွဲ့အကြောင်း အနည်းငယ် ဖော်ပြခံရပါတယ်။ ဩစတေးလျ သတင်းစာနှစ်ခုက– THE AGE & SMH တို့ဖြစ်ပါတယ်။
*(စကားချပ်။ ထိုတွင်မကပဲ– [Guardian.co.uk](Guardian.co.uk) နှင့် [The Nation (Thailand)](The Nation (Thailand)) တို့တွင်လည်း* Tiger Girls Band *နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖော်ပြထားသည်။ အယ်ဒီတာ)*

CW။ ။ ဘယ်လို ဂီတအမျိုးအစားကို အဓိက နားထောင်ဖြစ်ပါသလဲ။

Chili T။ ။ Musician တဦးဖြစ်တဲ့အတွက်– သီချင်းကတော့ အမျိုးမျိုးကို နားထောင်ဖြစ်ပါတယ်။ နားထောင်အဖြစ်ဆုံးကတော့– Modern rock , Pop , R&B ,alternative jazz တွေဖြစ်ပြီး၊ အားလုံးကိုကြိုက်ပါတယ်။ Modern rock ကိုတော့ ပိုကြိုက်ပေမယ့် ဗမာပြည်မှာတော့ အဲလောက် မစိမ့်ဝင်သေးဘူးပြောရမယ်။ အပြင်ရှိုးတွေမှာတော့– Pop နဲ့ Alter သီချင်းတွေကို အဆိုများပါတယ်။

CW။ ။ ပြည်တွင်းနဲ့ နိုင်ငံတကာက အားကျတဲ့ အဆိုတော်တွေကို သိပါရစေ။

Chili T။ ။ အားလုံးကို ကျမကြိုက်ပါတယ်။ အဆိုတော်တဦးစီတိုင်းမှာ– တတ်ကျွမ်းမှုရှိကြပါတယ်။ ပြည်တွင်း အဆိုတော်တွေထဲမှာ ကျမကြိုက်တာကတော့– လေးဖြူ၊ စံပီး၊ ဇော်ပိုင်၊ တင်ဇာမော်၊ ဇမ်နူးနဲ့ ဆုန်သင်းပါရ်တို့ကို ကျမကြိုက်ပါတယ်။
နိုင်ငံတကာ အဆိုတော်တွေထဲမှာတော့– Shakira ,Britney Spear, Lady gaga နဲ့ Evanescence တွေကို ပိုကြိုက်ပါတယ်။

CW။ ။ Chili Tigerနဲ့ Tiger Girls Band အဖွဲ့ကို ဆက်သွယ်ချင်သူများ၊ မိတ်ဆက်လိုသူများအတွက်–––

Chili T ။ ။ ကျမရဲ့ Email ကတော့ mailalrinkim@gmail.com ဖြစ်ပါတယ်။ Face Book ID ကတော့ Chili Tiger ဖြစ်တယ်။ ကျမတို့အဖွဲ့ရဲ့ Face Book ID ကတော့– Tiger Girls Burma ဖြစ်ပါတယ်။ နောက်

www.chinworld.info

အဖွဲ့ရဲ့ လိပ်စာကတော့– 24/A. Ma Kyi Kyi Str. Sanchaung Township, Yangon. Ph: 095201256 ဖြစ်ပါတယ် ။

**CW။** ။ တေးဂီတကို ချစ်မြတ်နိုးတဲ့ ချင်းလူငယ်တွေကို ဘာများမှာကြားချင်ပါသလဲ။

**Chili T.။** ။ တေးဂီတဆိုတာ ကျမတို့ရဲ့ အရာဖြစ်ပါတယ်၊ ကျမတို့ လိုချင်သလိုမျိုး လုပ်နိုင်တယ်။ နိုင်ငံတကာ အဆင့်ထိ အဆင့်မမှီဘူးလို့လည်း မပြောနိုင်ပါဘူး။ ဒါကြောင့် မတွန့်မဆုတ်နဲ့ ချင်းလူမျိုးအတွက်ဆိုပြီး ရှေ့ကိုရဲရဲဝင့်ဝင့်တိုးပါ။ နောက်ပြီး Tiger Girls အဖွဲ့ကိုလည်း အားပေးပါ။ ကျမကိုလည်း အားပေးပါ။ အားလုံးရဲ့ အားပေးမှုနဲ့သာလျှင် ကျမတို့ရပ်တည်ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။ အားပေးခဲ့မှုများအပေါ်မှာလည်း ကျေးဇူးအများကြီးတင်တယ်။
နောက်ပြီး– ကျမနဲ့ ချင်းပရိတ်သတ်များအကြား ရင်းနှီးသိကျွမ်းမှု ပေါင်းကူးတံတားကို ခင်းပေးတဲ့ Chin World အဖွဲ့အပေါ်မှာလည်း အထူးကျေးဇူးတင်ပါတယ်။ အားလုံးရဲ့ အကြံပေးမှုများကို အမြဲလမ်းဖွင့်လျက်ပါ။

**Rin Um Te‘N** ချင်းတေးစီးရီးမှ သီချင်းအချို့ကို Youtubeရှိ အောက်ပါ Link များတွင် ခံစားနားဆင်နိုင်သည်

- An Ziam Ral *By* Maa Kim *(http://www.youtube.com/watch?v=F-ONtbewf6c)*
- Ka Uai Ko Ee *By* Thlapi & Maa Kim *(http://www.youtube.com/watch?v=qVBfyFhbTe4)*
- Rin Um Nak Thu Kam *By* Thlapi & Susan (http://www.youtube.com/watch?v=kFVN_TR4jzM )
- I Tan Ko Aw *By* Maa Kim *(http://www.youtube.com/watch?v=Oi_Xs5RPkNk)*



******************************